# ထေရဝါဒဗုဒ္ဓဒေသနာနှင့်
# ဝိပဿနာပြန့်ပွားရေးအသင်း



**NEW APPROACH TO BUDDHA DESANA**

ဗုဒ္ဓဒေသနာကို စနစ်သစ်နည်းဖြင့် လေ့လာခြင်း

စာစဉ်(၂၃)

# ကမ္မဝဋ္ဋ နှင့် ဝိပါကဝဋ္ဋ

၂၀၁၀ - ခုနှစ်၊ ဧပြီလ ၁၀ - ရက်
အကြိမ်(၃၀)မြောက်၊ ဗုဒ္ဓဒေသနာသင်တန်း
ရှင်သာမဏေဗိမာန်၊ အာဇာနည်လမ်း၊ ရန်ကုန်မြို့တွင်
ဟောကြားသောတရားတော်


## ဦးဌေးအောင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)
ပဓာနနာယက၊ ထေရဝါဒဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း
တွဲဖက်ဌာနမှူး (ငြိမ်း)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး

# ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့်လေ့လာခြင်း

## တာစဉ် - ၂၃

## ကမ္မဝဋ် နှင့် ဝိပါကဝဋ်

၂၀၁၀-ခုနှစ်၊ ဧပြီလ ၁၀ ရက်၊
ရန်ကုန်မြို့၊ အာဇာနည်လမ်း၊ ရှင်သာမဏေဗိမာန်၌
အကြိမ်(၃၀)မြောက် ဗုဒ္ဓဒေသနာသင်တန်းတွင်
ဟောကြားသောတရားတော်


# ဦးဌေးအောင်

(မဟာသဒ္ဓမ္မဇောတိကဓဇ)
ထေရဝါဒဗုဒ္ဓဒေသနာနှင့်ဝိပဿနာပြန့်ပွားရေးအသင်း
တွဲဖက်ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)

# ကမ္မဝဋ် နှင့် ဝိပါကဝဋ်

အခု လေ့လာနေတဲ့ အကြောင်းအရာတွေမှာ ကိုယ်နဲ့စိတ်နဲ့ အလုပ်တွေလုပ်၊ အဲဒီလုပ်တဲ့ အလုပ်တွေရဲ့သဘော၊ သဘာဝတွေ တစ်ခုနှင့် တစ်ခု ဆက်သွယ်နေတဲ့ အကြောင်းအရာတွေသိအောင်၊ နားလည်အောင် အခြေခံသဘာဝများကို ဒီပညာရပ်က ဖော်ပြတယ်။ ဒီပညာရပ်ဆိုတာ ဓမ္မဒေသနာခေါ်တဲ့ ပညာ။ အဲဒီပညာထဲမှာပါတဲ့ သဘာဝတွေကို နားလည်နိုင်သမျှ ကြိုးစားပြီးတော့ သင်ယူနေတာပါ။

အခု သင်ယူနေတဲ့အပိုင်းမှာ ပြောနေတဲ့အသံတွေ၊ အသံလှိုင်းကလေး နားကိုရိုက်တော့ ကြားတဲ့စိတ်ကလေးတွေ ဖြစ်တယ်။ ကြားစိတ်ကလေးထဲမှာပါနေတဲ့ သဘာဝတရားတွေက နာမ်စွမ်းအားတွေ။ အဲဒီကြားစိတ်ကလေးထဲမှာပါတဲ့ နာမ်စွမ်းအားက ကြားတာကိုသိတယ်။ ကြားတာကို မှတ်တယ်။ ကြားတဲ့အသံကို ခံစားတယ်။ ကြားနိုင်၊ သိနိုင်၊ ခံစားနိုင်အောင်လည်းပဲ အားထုတ်တယ်။ အဲဒီလို နာမ်စွမ်းအား (၄)ခုနဲ့ ကြားကိစ္စကို ဆောင်ရွက်တယ်။ ဆောင်ရွက်တဲ့နေရာမှာ နားက ရုပ်တရား။ ရုပ်တရားက စွမ်းအားတွေထုတ်ပေးတော့ နားကထွက်တဲ့ ရုပ်စွမ်းအားနှင့် နာမ်ဓာတ်စွမ်းအား (၄)မျိုး၊ စွမ်းအား(၅)မျိုးနဲ့ ကြားကိစ္စကို ဆောင်ရွက်ပါတယ်။

ကြားကိစ္စလေးတွေက ကြားတဲ့သဘော၊ အဲဒီ ကြားတဲ့သဘောကို ဆောင်ရွက်ပေးတဲ့ လုပ်ငန်းပိုင်းက တစ်ကဏ္ဍ။ ကြားထားတဲ့ အသံ၊ ကြားထားတဲ့ စကားလုံးတို့၏ အဓိပ္ပာယ်တွေကို ပြန်ဆိုရတဲ့အလုပ်၊

အဓိပ္ပာယ်တွေကို ဖော်ရတဲ့အလုပ်၊ အဲဒီအလုပ်က တစ်ကဏ္ဍ။ ကြားပြီးလျှင် ကြားတဲ့အသံ ခါတ်ထဲမှာပါတဲ့ အကြောင်းအရာကို အဓိပ္ပာယ်ပြန်ပြီးတော့ သိအောင်လုပ်ရတဲ့အလုပ်။ ကြားကိစ္စကို ဆောင်ရွက်တဲ့အလုပ်၊ အဲဒီ ကြားကိစ္စကို ဆောင်ရွက်တဲ့အလုပ်က အဲဒီ ကြားစိတ်၊ သောတဝိညာဏ်ခေါ်တဲ့ ကြားစိတ်ကလေးက အလုပ်လုပ်တာ။ အဲဒီ သောတဝိညာဏ်ခေါ်တဲ့ ကြားစိတ်ကလေး အလုပ်လုပ်ပြီးတော့ နောက်က ကပ်ပြီးတော့ လိုက်လာတဲ့ စိတ်၊ အဲဒါကို အတွင်းစိတ်။ အတွင်းစိတ်ကို ပါဠိလိုခေါ်တော့ မနောဝိညာဏ်၊ မနောဝိညာဏဓာတု။ အဲဒီမှာ ကြားစိတ်ကလေးက နားမှာရပ်တည်ပြီးတော့ ဝင်လာတဲ့ အသံလှိုင်းလေးတွေပေါ်မှာ မှီပြီးတော့ ကြားကိစ္စကို ဆောင်ရွက်တယ်။ ကြားကိစ္စကို ဆောင်ရွက်တဲ့စိတ်ကလေးက အပြင်ကဝင်လာတဲ့ အသံနှင့် ရုပ်တရားဖြစ်သော ရုပ်စွမ်းအား၊ နားစွမ်းအား (နားမှထုတ်လွှတ်သောစွမ်းအား)နဲ့ ပူးတွဲပြီး အလုပ်လုပ်တာ။ သူ့ကိုတော့ အပြင်စိတ်လို့ ခေါ်တယ်။ အဲဒီ ကြားစိတ်ကလေးကိုတော့ အပြင်စိတ်။ အဲဒီ အပြင်စိတ်ကလေးက ထုတ်ဖော်ပေးတဲ့ အသံထဲမှာပါတဲ့ အကြောင်းအရာတွေကို အဓိပ္ပာယ်ပေါ်အောင် ဖော်ရတဲ့အလုပ်။ အဲဒီအလုပ်ကို လုပ်တဲ့စိတ်က အတွင်းစိတ်။ အဲဒီဟာကို ပါဠိလိုအပြည့်အစုံခေါ်တော့ မနောဝိညာဏဓာတု။ မြန်မာလို အတိုကောက်ခေါ်လိုက်တော့ မနောဝိညာဏ်။ မနောဝိညာဏ်က သောတဝိညာဏ် ခေါ်တဲ့ကြားစိတ်ကလေးထဲက ပါလာတဲ့ အဓိပ္ပာယ်တွေကို ဘာသာပြန်ရတယ်။ အဲဒီလို အဓိပ္ပာယ်ပြန်ရတဲ့အလုပ်ကို လုပ်တဲ့စက်က၊ အပိုင်းကဏ္ဍက တစ်ပိုင်း၊ ကြားအောင်လုပ်ရတဲ့ ကြားသိဓာတ် ထွက်လာအောင် လုပ်ရတဲ့

အပိုင်းကဏ္ဍက တစ်ပိုင်း။ အပိုင်းကဏ္ဍနှစ်ပိုင်းကို ကွဲကွဲပြားပြား သိဖို့။ ဒီ ကြားသိစိတ်ဆိုတဲ့ သောတဝိညာဏ် ဖြစ်သလို၊ ရေးထားတဲ့စာတွေကို မြင်တဲ့စိတ် စက္ခုဝိညာဏ်၊ စက္ခုဝိညာဏ်ကလည်းပဲ မြင်အောင်လုပ် ပေးတာ။ မြင်တဲ့ ဒီစာလုံးပုံလေးတွေ၊ အဲဒီ သဏ္ဍာန်လေးတွေကို အဓိပ္ပာယ် ဖော်တာက နောက်ကလိုက်လာတဲ့ အတွင်းစိတ်။ အတွင်းစိတ်က အဓိပ္ပာယ်ဖော်ရတယ်။ အဓိပ္ပာယ်ဖော်မှ သဘောပေါက်တယ်၊ နားလည်တယ်။ အဲဒီသဘောပေါက်၊ နားလည်မှ သဘောပေါက်တဲ့အတိုင်း အလုပ်တွေ လုပ်တယ်။ အဲဒီမှာ ဒီမြင်စိတ်ကလေးက အဆင်းရူပါရုံကို ဖော်ပေးတယ်။ မြင်အောင်လုပ်ပေးတယ်။ မြင်အောင်လုပ်ပေးတော့ ဟောဒီ စာလုံးလေးတွေ 'ကြားစိတ်တို့၊ အပြင်စိတ်တို့၊ အတွင်းစိတ်တို့၊ မနောဝိညာဏ်တို့'၊ အသံလည်း ထွက်တတ်တယ်၊ အဓိပ္ပာယ်လည်း ဖော်တတ်တယ်။

ပြောနေကျ ဥပမာလေး 'ꩻ' ဒီရုပ်ပုံလေး၊ ဒီပုံပန်းသဏ္ဍာန်လေး မျက်စိနဲ့မြင်ပါတယ်။ ဒါလေးမြင်တော့ အဲဒီအရိပ်ပုံလေး၊ ဒီအဆင်းအာရုံလေး အသံထွက်ပါဆိုတော့ မထွက်တတ်ပါဘူး။ အဓိပ္ပာယ်ပြောပါဆိုတော့လည်း အဓိပ္ပာယ်လည်း မပြောတတ်ဘူး။ ဒါလေးကိုမြင်တော့ မြင်တယ်။ အသံလည်း မထွက်တတ်၊ အဓိပ္ပာယ်လည်း မပြောတတ်။ သင်ယူထားတဲ့ ပညာထဲမှာ၊ မှတ်ထားတဲ့ပညာ၏ အဖွဲ့ထဲမှာ ဒီပုံမျိုးမပါလို့ မသိတာပါ။ တရုတ်စာသင်တဲ့လူအဖို့ ဒီဟာမြင်လျှင်တော့ ချက်ချင်း သဘောပေါက်၊ အသံကိုလည်း သိတယ်။ သဘောကိုလည်း သိပါတယ်။ '၄' ဒီပုံကိုတော့ အသံလည်း ထွက်တတ်တယ်။ အဓိပ္ပာယ်လည်း သိတယ်။

'လေး'လို့ အသံထွက်တတ်တယ်။ ၁၊ ၂၊ ၃၊ ၄ဆိုတဲ့ (၄)ခုဆိုတဲ့ အဓိပ္ပာယ် လည်း သိတယ်။ မိမိတို့ သင်ယူထားသော ပညာဉပါဒါန်ဆိုတဲ့ ဒီအမှတ် အဖွဲ့ကြီးထဲမှာပါလျှင် အဓိပ္ပာယ်ဖော်နိုင်တယ်။ မပါလျှင် အဓိပ္ပာယ် မဖော်နိုင်ဘူး။ ဒါဟာ အဆင်းရူပါရုံထဲမှာပါနေတဲ့ သဏ္ဍာနခေါ်တဲ့သဏ္ဍာန် တွေကို မှတ်ထားတဲ့အဖွဲ့ကြီးရှိပါတယ်။ တစ်သက်လုံး သင်လာတဲ့ဟာတွေ ပါ။ အဲဒီတော့ သင်လာတဲ့ဟာတွေရဲ့ အဓိပ္ပာယ်တွေကိုသိထားခြင်း ကြောင့် အခု အသစ်ဖြစ်တဲ့စာလုံး၊ ပစ္စုပ္ပန်တည့်တည့်မှာ ဝင်လာတဲ့ စာလုံး ၏ အသံထွက်နဲ့ အဓိပ္ပာယ်ကို သိတာပါ။

ဒီမှာ အပိုင်းနှစ်ခုက မြင်အောင်လုပ်တဲ့ကိစ္စက တစ်ပိုင်း၊ မြင်ထား တာကို အဓိပ္ပာယ်ဖော်ရတဲ့ကိစ္စက တစ်ပိုင်း၊ အဲဒီအလုပ်နှစ်ခု ကွဲကွဲပြား ပြား သိဖို့ပါ။ မြင်အောင်လုပ်ရတဲ့အပိုင်းက ကဏ္ဍတစ်ခု၊ နောက်ပြီး တော့မှ အဓိပ္ပာယ်ပေါ်အောင် ဆောင်ရွက်ပေးရတာက ကဏ္ဍတစ်ခု။ အဲဒီ ကဏ္ဍနှစ်ခုမှာ မြင်အောင်လုပ်ပေးတဲ့ စိတ်ကလေးဟာ မြင်စိတ်။ အဲဒီ မြင်စိတ်ကလေးဟာ စက္ခုဝိညာဏ်လို့ခေါ်တယ်။ အဲဒီ စက္ခုဝိညာဏ် ဆိုတဲ့ဟာလေးဟာ မျက်စိနဲ့တွဲပြီး အပြင်ကလာတဲ့ အဆင်းအာရုံနဲ့ တွဲ လုပ်တာ။ ဒါကြောင့်မို့လို့ သူ့ကို အပြင်စိတ်။ အဓိပ္ပာယ်ဖော်တဲ့အခါကျ တော့ အဲဒီမြင်ထားတဲ့ အဆင်းအာရုံမှာပါတဲ့ ပုံပန်းသဏ္ဍာန်ကို အခြေခံပြီး အဓိပ္ပာယ်ဖော်တယ်။ အဓိပ္ပာယ်ဖော်တယ်ဆိုတာ အသံထွက်တယ်။ အသံ နှင့်တကွ အသံ၏အဓိပ္ပာယ်ကို ဖော်ပြရတယ်။ အဲဒီ အလုပ်ကိုလုပ်တာ အတွင်းစိတ်က လုပ်တာပါ။ အဲဒီ လုပ်တဲ့စိတ်ကို မနောဝိညာဏ်စိတ်။ အဲဒီသဘာဝတွေကို သေသေချာချာ မိမိကိုယ်တိုင် မိမိစိတ်မှာဖြစ်နေတဲ့

သဘာဝလုပ်ငန်း၊ အခု နှစ်ဆင့်ကွဲပြားအောင် သေသေချာချာသင်။ တစ်ခုက မြင်တာကို အဆင်းရူပါရုံကို မြင်အောင်လုပ်ပေးတဲ့စိတ်က တစ်ပိုင်း၊ မြင်ထားတဲ့ အဆင်းရူပါရုံကို အဓိပ္ပာယ်ပေါ်အောင် ဖော်တဲ့အပိုင်းက တစ်ပိုင်း။ အဓိပ္ပာယ်ဖော်တဲ့စိတ်ကို မနောဝိညာဏ်ကလုပ်တယ် မြင်အောင်က စက္ခုဝိညာဏ်က လုပ်တယ်။ စက္ခုဝိညာဏ်က အပြင်စိတ်ခေါ်တယ်။ မနောဝိညာဏ်က အတွင်းစိတ်ခေါ်တယ်။ အဲဒီ လုပ်နေတဲ့ ကိစ္စလေးတွေဟာ စက်လည်သလို လည်နေတာ။ အလုပ်တစ်ခုစီ တစ်ခုစီက စက်လည်သလို လည်နေတာပါ။

အခုရိုက်နေတဲ့ ဗီဒီယိုတွေ၊ အထဲထဲကစက်က လည်နေတာ။ လည်ပြီးတော့ တစ်ခုပြီးတစ်ခု မှတ်တမ်းတွေတင်နေတာ။ အသံကိုလည်း မှတ်တမ်းတင်တယ်၊ အရုပ်ကိုလည်း မှတ်တမ်းတင်တယ်။ အဲဒီမှာ အဲဒီထဲက သဘာဝလေးကို စဉ်းစား။ စက်တွေလည်နေခြင်းသည် အရုပ်ဖမ်းတဲ့ကိစ္စ၊ အသံဖမ်းတဲ့ကိစ္စ လုပ်တယ်။ အဲဒီလိုပဲ မျက်စိက အရုပ်ဖမ်းတဲ့ကိစ္စ လုပ်တယ်။ နားက အသံဖမ်းတဲ့ကိစ္စ လုပ်တယ်။ အဲဒီလို စက်လည်နေတဲ့၊ လည်နေတဲ့စက်ကို ပါဠိလို ဝဋ္ဋ။ မြန်မာလို ဝဋ်လို့ အသံထွက်တယ်။ အဓိပ္ပာယ်အရင်းက 'လည်ခြင်း'။

အခုပြောနေတဲ့ အသံဖမ်းတဲ့စက်၊ အရုပ်ဖမ်းတဲ့စက်၊ အဲဒီလို စက်လည်နေတဲ့ဟာကို၊ လည်တဲ့စက်၏နာမည်ကို ဝိပါကဝဋ္ဋ။ အာရုံငါးပါးကိုဖမ်း၍ အဆင်းကိုမိအောင်၊ အသံကိုမိအောင်၊ အတွေ့ကိုမိအောင်၊ အရသာကိုမိအောင်၊ အနံ့ကိုမိအောင် ဖမ်းယူပြီးတော့ အဲဒီ ဖမ်းယူထားတာတွေကို ဖော်ပြတဲ့လုပ်ငန်းကို ဝိပါကဝဋ်၊ ဝိပါကဝဋ္ဋ။ ဒီ ဝိပါကဝဋ္ဋက

လာသမျှအဆင်းကို အကုန်ဖမ်းပေးတယ်။ ဖမ်းပေးတော့ အခုပြတဲ့ နမူနာကို ဒီလေးထောင့်ပုံလေးက ဤ စုဆောင်းထားတဲ့ ပညာဥပါဒါန်လို့ ခေါ်တဲ့ စုဆောင်းထားတဲ့ အဆင်းအာရုံတွေထဲမှာ ဒီပုံစံလေးက မပါဘူး။ သင်မထားလို့။ အဲဒီတော့ သူ့ကိုမြင်အောင် လုပ်ပေးတာက မြင်တယ်။ အဓိပ္ပာယ်ဖော်တာ၊ အသံထွက်တာက မလုပ်တတ်ဘူး။ အဲဒီမှာ '၄'ဆိုတဲ့ နောက်ရေးပြတဲ့ဟာကျ အသံလည်း ထွက်တတ်တယ်။ ၁၊ ၂၊ ၃၊ ၄ 'လေး'ဆိုတဲ့ အဓိပ္ပာယ်လည်း သိတယ်။ အဲဒီလိုသိအောင် လုပ်ပေးတဲ့အဆင့်က တစ်ဆင့်။ အဲဒီအဆင့် အလုပ်လုပ်တဲ့ဟာကို 'ကိလေသဝဋ်'၊ ကိလေသဝဋ်။ အဲဒီ ကိလေသဝဋ် အလုပ်လုပ်တဲ့အခါ ကျတော့ လုပ်တဲ့ စိတ်ကလေးကို မနောဝိညာဏ်၊ အတွင်းစိတ်။ အတွင်းစိတ်က အဓိပ္ပာယ်ဖော်တဲ့အခါမှာ တစ်သက်လုံး စုဆောင်းလာခဲ့တဲ့ သညာက္ခန္ဓာ။ အမှတ်အသားတွေကို အားကိုးပါတယ်။ အဲဒီအမှတ်အသားတွေ စွဲနေတာကို သညာဥပါဒါန်။ အဲဒီ သညာဥပါဒါန်ဆိုတဲ့ အမှတ်တွေက မျက်စိနဲ့မြင်ထားတဲ့ အဆင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ကို မှတ်ထားတာ။ အဲဒါဟာ ရူပ၊ ရူပါရုံကပေးတဲ့ အကြောင်းအရာတွေ မှတ်ထားတဲ့ သညာဥပါဒါန်။

အဲဒီလိုပဲ ကြားထားတဲ့အသံတွေကို မှတ်ထားတဲ့ ဥပါဒါန်၊ ထို့အတူပဲ အတွေ့တွေကို မှတ်ထားတဲ့ ဥပါဒါန်၊ အနံ့တွေကို မှတ်ထားတဲ့ ဥပါဒါန်၊ အရသာတွေကို မှတ်ထားတဲ့ ဥပါဒါန်၊ မိမိတို့မှာ ရှိပါတယ်။ ရှိရုံတင်မကဘူး။ အဲဒီ မှတ်မိထားတာတွေဟာ ပစ္စုပ္ပန်မှာ ပေါ်လာတဲ့ အဆင်းကို အဓိပ္ပာယ်ဖော်တော့ အဲဒီမှတ်တမ်းထဲက ပြန်၍ထုတ်ပြီး

အဓိပ္ပာယ်ဖော်ရတယ်။ အသံကို အဓိပ္ပာယ်ဖော်တော့လည်း မှတ်တမ်းထဲ ကဟာကို ပြန်ပြီး အဓိပ္ပာယ်ဖော်ရတယ်။ အနံ့၊ အရသာ၊ အတွေ့လည်း ဒီလိုပဲ။ အဲဒီမှတ်တမ်းကြီး အဆင်းအာရုံတွေ မှတ်ထားတာလည်း မြောက် မြားစွာ၊ အသံတွေ၊ စကားလုံးတွေ မှတ်ထားတာလည်း မြောက်မြားစွာ၊ အနံ့တွေလည်း အမျိုးစုံမှတ်ထားတယ်။ အရသာတွေလည်း အမျိုးစုံ မှတ် ထားတယ်။ အတွေ့အထိတွေလည်း အမျိုးစုံမှတ်ထားတယ်။ အဲဒီ မှတ် ထားတဲ့ဟာတွေသည် သညာတွေ။ အဲဒီသညာတွေက စွဲစွဲမြဲမြဲ မှတ်မိ နေမှ၊ စွဲမြဲနေမှ သညာဥပါဒါန်။ အဲဒီ သညာဥဒါပါန်ကြီးထဲမှာ ပါတဲ့ဟာ ကိုမှ အဓိပ္ပာယ်ဖော်နိုင်တယ်။ အဲဒီ သညာဥပါဒါန်အဖွဲ့ကြီးထဲ မပါလျှင် အဓိပ္ပာယ်မဖော်နိုင်ဘူး။ အဲဒီအလုပ်နှစ်ခု ပိုင်းပိုင်းခြားခြားသိဖို့။ ပထမ အလုပ်က မြင်အောင်၊ ကြားအောင် ဖမ်းပေးတဲ့ကိစ္စက တစ်ခု၊ ပြီးတော့မှ မြင်တာကို အဓိပ္ပာယ်ဖော်တဲ့ကိစ္စ၊ ကြားတာကို အဓိပ္ပာယ်ဖော်တဲ့ကိစ္စ။ အဲဒီတော့ ဖမ်းပေးတဲ့၊ အာရုံကို ဖမ်းပေးတဲ့စက်၊ အဲဒီစက် လည်အောင် လုပ်ပေးတဲ့ဟာကို ဝိပါကဝဋ်၊ ဝိပါကဝဋ်။ အဓိပ္ပာယ်ပြန်တဲ့စက်က ကိ လေသဝဋ်၊ ကိလေသဝဋ်။ ကိလေသဝဋ်ကို ဆောင်ရွက်ပေးတဲ့စိတ်ကို မနောဝိညာဏ်၊ အတွင်းစိတ်လို့ခေါ်တယ်။

အဲဒီမှာ အပြင်စိတ်ကျတော့ တစ်မျိုးထဲမဟုတ်တော့ဘူး။ (၅)မျိုး။ မြင်စိတ်၊ ကြားစိတ်၊ အတွေ့စိတ်၊ အနံ့စိတ်၊ အရသာစိတ်။ အဲဒီသဘာဝ တွေ ကဏ္ဍနှစ်ခုခွဲခြားပြီးတော့ အလုပ်တွေလုပ်နေတာ။ 'စိတ်' အလုပ် လုပ်နေတာ။ အဲဒါတွေဟာ ကိုယ်ကိုယ်တိုင် လုပ်နေတာတွေကို သူ့ကဏ္ဍ နဲ့သူ ပိုင်းခြားပြီးတော့သိဖို့ပါ။ အဲဒီမှာ တစ်ခါပြန်ပြီးတော့ စဉ်းစားလိုက်။

စဉ်းစားတော့ ဒီရုပါရုံ ၁+၂+၃+ . . . ၁၀။ ဟောဒီ ရေးပြတဲ့ ၁+၂+၃+ . . . ၁၀ ဆိုတာကို ကိန်းတန်းခေါ်တယ်။ သင်္ချာသင်ထားတဲ့လူတိုင်း သိတယ်။ ဒါတွေမြင်တော့ မြင်တဲ့စိတ်ကလေးက ၁+၂+၃ ပြီးတော့မှ . . . ၁၀။ ဒါသည် ရူပါရုံကိုသိသော မြင်စိတ်ကလေးက မြင်အောင်လုပ်ပေးတာ။ အဲဒီဟာကိုမြင်တော့ သင်္ချာသင်ထားတဲ့ကျောင်းသားက ၁ ကနေ ကိန်းဂဏန်းပေါင်း ဆယ်ခုပါတဲ့ ၁၀ အထိ အဲဒီဂဏန်းဆယ်လုံးကို ပေါင်းပါလို့ ပြောပါတယ်။ အဲဒီ ပေါင်းပါလို့ဆိုတာ အဓိပ္ပာယ်ဖော်တာပါ။ အဓိပ္ပာယ်ဖော်လိုက်တော့ အဓိပ္ပာယ်ကိုသိလျှင် ပေါင်းမယ်။ ပေါင်းတယ်ဆိုတာ အတွင်းစိတ်က ပေါင်းတဲ့ကိစ္စကို အလုပ်လုပ်ရတာ။ အဲဒီအတွင်းစိတ်က အလုပ်လုပ်လိုက်တော့ သဘောအတိုင်း သင်္ချာပညာက ( = ) ညီမျှခြင်း၊ ၅၅။ ၁ ကနေ ၁၀ အထိကို ပေါင်းလိုက်လျှင် ၅၅။ စိတ်တွက်က တွက်လိုက်တာ။

စိတ်တွက်တွက်တယ်ဆိုတာ စိတ်က သင်္ချာအလုပ်၊ အပေါင်းအလုပ်ကို လုပ်လိုက်တာ။ အဲဒီ အပေါင်းအလုပ်ကို လုပ်တဲ့အလုပ်က တစ်ကဏ္ဍ။ ပေါင်းပါလို့ အဓိပ္ပာယ်ဖော်ပေးတာက တစ်ကဏ္ဍ။ ၁၊ ၃၊ ၄ ကိန်းဂဏန်းအတန်းကြီးကို မြင်တာက တစ်ကဏ္ဍ။ ကဏ္ဍ(၃)ခု။ မြင်တာကတစ်ပိုင်း၊ အဓိပ္ပာယ်ဖော်တာက တစ်ပိုင်း၊ အလုပ်လုပ်တာက တစ်ပိုင်း။ အဲဒီတော့ မြင်တဲ့ကိစ္စလေးက၊ အဲဒီလုပ်တဲ့ စက်ကလေး (မြင်တဲ့စက်ကလေးက) ဝိပါကဝဋ်။ အဲဒါကို ထပ်ပြီးတော့ အဓိပ္ပာယ်ပြန်တာက ကိလေသဝဋ်။ အဓိပ္ပာယ်ပြန်တော့ အဓိပ္ပာယ်ကိုသိလို့ အလုပ်လုပ်တာကို ကမ္မ။ အဲဒီစက်ကို ကမ္မဝဋ်။ အပိုင်း (၃)ပိုင်းခွဲ၍ ကိစ္စ (၃)မျိုးကို စိတ်က

အလုပ်လုပ်ပါတယ်။ အဲဒီအလုပ်လုပ်တဲ့ ကမ္မဝဋ်ကလည်းပဲ အတွင်းစိတ်။ မနောဝိညာဏ်က လုပ်တယ်။ အဲဒီမှာ အခု မြင်စိတ်၊ မြင်စိတ်ကလေးကို စက္ခုဝိညာဏ်။ အဓိပ္ပာယ်ဖော်တဲ့စက်ကလေးက မနောဝိညာဏ်။ ဂဏန်းတွက်တဲ့စက်ကလေးက ကမ္မဝိညာဏ်။ သူကလည်း ကမ္မမနောဝိညာဏ်။ အဲဒီအပိုင်း(၃)ပိုင်း အလုပ်လုပ်နေတာ။ စက်(၃)ခုလည်နေတာ။ စက်တစ်ခုတစ်ခု လည်တာကို ဝဋ်တစ်ခုလည်တယ်။ ဝဋ်တစ်ခု တစ်ခု။ စက်(၃)မျိုး။ ကိစ္စကလည်း သူ့ကိစ္စနှင့်သူ။ အဲဒါဟာ မိမိတို့၏စိတ် အလုပ်လုပ်နေပုံသဘောကို ပေါ်လွင်အောင် ပြောပါတယ်။ အဲဒီ အလုပ်သဘောကို နားလည်မှ အဲဒီအလုပ်သဘောလေးတွေမှာ အခု မျက်စိနဲ့ မြင်တယ်၊ အဓိပ္ပာယ် ပြန်တယ်၊ အလုပ်လုပ်တယ်။

အဲဒါကို ပေးနေကျဥပမာ ရှိပါတယ်။ လူတိုင်း တွေ့ကြုံဖူးတာ၊ အခု လူအများစုက မော်တော်ကား မောင်းတတ်တယ်။ မော်တော်ကားကြီးနဲ့မောင်းလာတော့ လမ်းဆုံမရောက်ခင်ကတည်းက ကားမောင်းတဲ့ဆရာက မီးကိုကြည့်တယ်။ ကြည့်လိုက်တော့ အဲဒီမီးလေး လင်းနေတာကို မြင်တယ်။ မြင်ကိစ္စကို ဆောင်ရွက်တဲ့စိတ်ကလေးကို စက္ခုဝိညာဏ်။ အဲဒီ စက္ခုဝိညာဏ်လေးထဲမှာပါတဲ့ သိအားလေးက မီးလုံးလေးရဲ့ အရောင်ကို သိတယ်။ မီးလုံးလေးရဲ့အရောင်က စိမ်းတယ်၊ နီတယ်၊ ဝါတယ်ဆိုတာကို သူသိတယ်။ သိတော့ အဲဒီ သိတဲ့အလုပ်လေးကို အခြေခံပြီးတော့မှ စိမ်းလျှင် သွားနိုင်ပြီ။ ဝါလျှင် သတိထား၊ ရပ်ရမယ်။ နီပြီဆိုလျှင် ရပ်ရမယ့် အဓိပ္ပာယ်။ အဲဒီအဓိပ္ပာယ်ကို ဖော်နေတဲ့စိတ်က မနောဝိညာဏ်။ ဘာလို့ ဖော်နိုင်တာတုန်း၊ အတွေ့အကြုံက သင်ပေးထားတာ။ စိမ်းတာရဲ့ အ

ခံပွာယ်၊ နီတာရဲ့အခံပွာယ်ကို ဖော်ပေးတာ။ အဲဒီတော့ မီးနီပြီလို့ဆို တာကို မျက်စိက မြင်လိုက်လျှင် နီပြီလို့ပြောတယ်။ နီပြီလို့ပြောတော့ အခံပွာယ်ပြန်တဲ့စက်ကလေးက၊ မနောဝိညာဏ်က ရပ်ရမယ်။ ဘာမြင်လို့ တုန်း၊ အနီရောင်ကို မြင်လို့။ ရပ်ရမယ်လို့ သိတဲ့အခါ၊ ရပ်ရမယ်လို့ အခံပွာယ်ဖော်လိုက်တဲ့အခါ ချက်ချင်း ဘာလုပ်တုန်း၊ လက်နဲ့ခြေနဲ့ သုံးပြီး တော့ မော်တော်ကားကြီး ပြေးနေတဲ့ဆီက ရပ်သွားအောင် အလုပ်လုပ် တယ်။ အလုပ်လုပ်တယ်ဆိုတဲ့ဟာမှာ ဘယ်သူက လုပ်တာတုန်း၊ ရပ်ခိုင်း တဲ့စိတ်က လုပ်တာ။ ရပ်ခိုင်းတဲ့စိတ်က ဘာခေါ်တုန်း၊ မနောကမ္မ။ အဲဒီ စက်ကို ဘာခေါ်တုန်း၊ ကမ္မဝဋ်။ အလုပ်လုပ်တဲ့စက်ကို ကမ္မဝဋ်။ အခံပွာယ် ဖော်တဲ့စက်ကို ကိလေသဝဋ်။ မြင်တဲ့စိတ်ကို ဝိပါကဝဋ်။ ဝဋ် (၃)ခု။ ဝိပါကဝဋ်၊ ကိလေသဝဋ်၊ ကမ္မဝဋ်။

ဝိပါကဝဋ်က နီနေပြီလို့ပြောတယ်။ ပြောလိုက်တော့ ကိလေသ ဝဋ်က ရပ်ရမယ်လို့ ပြောတယ်။ ရပ်ရမယ်လို့ ပြောတာနဲ့တစ်ပြိုင်နက် ကမ္မဝဋ်မှာဖြစ်တဲ့ မနောဝိညာဏ်က ရပ်လိုက်လို့ အမိန့်ပေးတာ။ အဲဒါ ကို မနောကမ္မ။ မနောကမ္မက အမိန့်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် လက် တွေ၊ ခြေတွေက စက်ကြီးရပ်အောင် လုပ်တယ်။ အဲဒီဟာကို ကာယကမ္မ။ လက်တွေ၊ ခြေထောက်တွေနဲ့ မော်တော်ကားကြီး ရပ်အောင်လုပ်တာ ကာယကမ္မ။ မနောကမ္မက ခိုင်းလို့ပါ။ မနောကမ္မတွေ၊ ကာယကမ္မတွေ လုပ်တဲ့စက်ကို ကမ္မဝဋ်(ဝဋ္ဋ)။ အဲဒါဟာ ဝဋ် (၃)ပါးလည်ခြင်းပါ။ ဒီ (၃)ခု အလုပ်လုပ်နေတာကို ဝဋ်(၃)ပါးလည်နေခြင်း။ အဲဒါတွေဟာ မိမိရဲ့ နာမ် ခန္ဓာခေါ်တဲ့စိတ်၊ ရုပ်ခန္ဓာခေါ်တဲ့ မျက်စိ၊ နားတို့နဲ့ ပူးတွဲပြီးတော့ အတွင်း

စိတ် အလုပ်လုပ်ပုံပါ။ အဲဒီအလုပ်တွေကို သေသေချာချာ မြင်မှ၊ ပညာနဲ့ ဆင်ခြင်တတ်မှ မော်တော်ကား မောင်းတဲ့လူဟာ အဲဒီခဏလေး အတောအတွင်းမှာ စက်(၃)ခု လည်လိုက်တာပါ။ (၃)ဆင့် လည်လိုက်ပါတယ်။ ဝိပါကဝဋ္ဋ၊ ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ (၃)ဆင့်ကို လည်လိုက်တာ။ အဲဒီအချိန်လေး အတောအတွင်းမှာကိုက ဝဋ္ဋ(၃)ပါး လည်သွားပါတယ်။

အဲဒီဝဋ္ဋ(၃)ပါး လည်တာ အဟုတ်လည်နေတာ။ အဲဒါ မော်တော်ကားမောင်းတဲ့ခရီးကို သွားနေတာ။ အဲဒီ မော်တော်ကားမောင်းတဲ့ ခရီးရဲ့ အဓိပ္ပာယ်က ဘဝခရီးကိုသွားနေတာပါ။ ကားနဲ့မောင်းပြီး သွားနေတာက ယာဉ်နဲ့လူနဲ့ ရွေ့လျားနေတာကိုပြောတာ။

အဲဒါနဲ့တွဲပြီး သိရမှာက ဘဝခရီးကို ဒီအချိန်ပိုင်းလေး အတောအတွင်းမှာပဲ သွားလိုက်တာ၊ အလုပ်(၃)ခုနဲ့ပဲ လုပ်လိုက်တာ။ အဲဒီ ဝဋ္ဋ(၃)ပါးလည်တာဟာ မော်တော်ကားကြီး သွားအောင်၊ ရပ်အောင် လုပ်တာ တင်မကဘူး၊ ဘဝခရီးကို သွားနေတာ။ အဲဒီ ဘဝခရီးကို သွားမှန်းသိမှပါ။ ဒီစက်(၃)မျိုး လည်ပြီးတော့ ဘဝခရီးကိုသွားနေတာ။ ဝိပါကစက်၊ ကိလေသစက်၊ ကမ္မစက်ဆိုတဲ့ စက်(၃)ခု လည်ပြီးတော့ ဘဝခရီးကို သွားနေတာ။ ဘဝခရီးသွားတာဟာ ဘဝစက်လည်ခြင်း။ ဘဝစက်လည်တယ်ဆိုတဲ့ သဘာဝတရားကို မိမိတို့ရဲ့ဉာဏ်နဲ့ ပိုင်းခြား၍ဆင်ခြင်တတ်ဖို့ ဒီဘဝစက်လည်တာကိုသိအောင် သင်ကြားပေးတာပါ။ ဘဝအဓိပ္ပာယ်ကို ဒီလိုမှမသိလျှင် အလုပ်လုပ်နေတဲ့သဘောကို မသိပါ။

အခု ရုပ်စွမ်းအားနှင့် နာမ်စွမ်းအားနှစ်ခု ပူးတွဲ၍ ဘဝကိစ္စကို လုပ်နေတာ။ ဘဝကိစ္စ လုပ်နေတာကိုပဲ ဘဝစက်လည်တယ်။ အဲဒီဟာ

တွေဟာ ဘဝနဲ့ပတ်သက်လို့ သိအောင်မြင်အောင် လုပ်ရတာ။ ဟောဒီ ကိစ္စလေးတွေက ရိုးရိုးလေးမြင်တယ်။ အဓိပ္ပာယ် သိတယ်။ သိတဲ့အတိုင်း လုပ်ကိုင်ဆောင်ရွက်တယ်။ အဲဒီ(၃)ခုကိုမြင်ဖို့ ပထမအဆင့်၊ အဲဒီမှာပဲ လုပ်ပုံကိုင်ပုံတွေကို ထပ်ပြီးတော့ပြော။ အခုပြောတဲ့စကားတွေ ကြားနေတာ။ ကြားနေတဲ့ဟာက ဝိပါကစက်က လုပ်တာပါ။ ကြားတာတွေ အဓိပ္ပာယ်သိတာက ကိလေသစက်က။ အဓိပ္ပာယ်သိတာတွေကို နားလည်အောင်၊ သဘောပေါက်အောင် ထပ်ဆင့်ပြီးတော့ စဉ်းစားရ၊ ဆင်ခြင်ရတဲ့ အလုပ်။ အဲဒါက ကမ္မစက် လုပ်တာပါ။ အဲဒီသဘောတွေဟာ တကယ် အလုပ်လုပ်နေတာ။

အဲဒီမှာ သိဖို့အချက်ကို သွားရဦးမယ်။ အဲဒီ အဓိပ္ပာယ်ဖော်တဲ့ စက်၊ အဓိပ္ပာယ်ဖော်တာက ကိလေသဝဋ်မှာ တည်ရှိနေသော ဥပါဒါန်၊ သညာဥပါဒါန်။ မှတ်ထားတဲ့အစွဲတွေနဲ့ အဓိပ္ပာယ်ပြန်နေတာ။ အဲဒီ အစွဲတွေထဲမှာ ပါတဲ့အတိုင်း ဘာသာပြန်တာ။ အဲဒီအဓိပ္ပာယ်ကို သေချာသိအောင် အခု မှတ်တမ်းတင်ထားတဲ့ ကင်မရာတွေ ရှိတယ်။ မှတ်ထားတဲ့ ကင်မရာတွေက အခုပြောနေတဲ့ အသံတွေ ပြန်ဖွင့်လိုက်လျှင် ပြန်ပြီးတော့ ထွက်ပါတယ်။ အဲဒီဟာတွေဟာ သညာဥပါဒါန်တွေ။ သဒ္ဒရုပ်ခေါ်တဲ့ အသံထဲမှာ ပါတာတွေကို မှတ်တမ်းတင်ထားတာ၊ စွဲနေတာ။ ဒီဟာတွေ အဟုတ် ဒီတိတ်ပေါ်မှာမစွဲလျှင် အသံက ပြန်မထွက်ဘူး။ အဲဒီဟာကို သေချာသိအောင် လုပ်ပါ။

ထို့အတူပဲ အရုပ်ဖမ်းတဲ့ တိတ်ပေါ်မှာ အရုပ်ကားတွေက စွဲနေတယ်။ ပြန်ထုတ်လိုက်လျှင် အဲဒီအတိုင်းပြန်ထွက်တာ။ အဲဒီတော့ ဥပါဒါန်

က သူမှတ်ထားတဲ့အတိုင်း ပြန်ပြန်ပြီးတော့ထုတ်တာ။ မှတ်တဲ့စိတ်က မှတ်ထားတဲ့အတိုင်း ပြန်ပြန်ပြီးတော့ ပြောနေတာ။ အဲဒီမှာ မှတ်ထားတဲ့ဟာတွေက မှတ်တဲ့အထဲမှာ သိတာကိုလည်း မှတ်ထားတယ်။ ပြီးတော့ ခံစားတာကိုလည်း မှတ်ထားတယ်။ အားထုတ်ရတာကိုလည်း မှတ်ထားတယ်။ အဲဒီ မူလအတိုင်း သူကမှတ်ထားတာပဲ။ အဲဒီမှတ်ပုံလေးကို သေချာကြည့်။

ကြားတဲ့အသံ၊ မြင်တဲ့အဆင်း၊ မြင်တဲ့အချိန်၊ ကြားတဲ့အချိန်တုန်းက မြင်မှု၊ ကြားမှုနဲ့တွဲ၍ ခံစားမှုဝေဒနာ ပါတယ်။ မြင်မှု၊ ကြားမှုထဲမှာ ခံစားမှုဝေဒနာ ပါတယ်။ အဲဒီ ခံစားမှုဝေဒနာဆိုတဲ့ ဝေဒနာက (၃)မျိုး။ အဲဒီ(၃)မျိုးကို အလွယ်ဆုံးသိအောင်က ကောင်းတဲ့ဟာကို သုခဝေဒနာ၊ မကောင်းတာကို ဒုက္ခဝေဒနာ၊ ကောင်း-မကောင်း ကြားဝေဒနာကို အဒုက္ခမသုခဝေဒနာ။ အဲဒီ ဝေဒနာ(၃)ပါးလုံး တစ်မျိုးမဟုတ်တစ်မျိုး ရုပ်ရုံထဲမှာ ပါတယ်။ ရုပါရုံကိုမှတ်တမ်းတင်တုန်းက ပါတဲ့ ဝေဒနာလိုပဲ။ ကြားနေတဲ့ အသံတွေကို မှတ်တမ်းတင်တုန်းကလည်းပဲ ဒီဝေဒနာတွေပါတယ်။ အဲဒီမှာ တစ်ဆင့်တက်ပြီးတော့ မှတ်ရမယ့်အချက်ကလေးတစ်ခု ပြောဦးမယ်။

ဒီစိတ်ကလေးက မြင်တဲ့အချိန်ကလေးမှာ မြင်မှုကလေးပေါ်မှာ တည်၍ ဖြစ်တဲ့ဝေဒနာကို သုခဝေဒနာ၊ ဒုက္ခဝေဒနာ။ အဲဒီမှာ နာမ်ဓာတ်တို့ရဲ့သဘာဝ အလွန်မြန်တယ်။ အဲဒီဝေဒနာလေးက၊ မြင်တဲ့အပေါ်မှာဖြစ်တဲ့ သုခဝေဒနာလေးက နာမ်ဓာတ်ကိုပေးလိုက်တော့ နာမ်ဓာတ်က သောမနဿ ဝေဒနာနဲ့ခံစားတယ်။ အဲဒီမှာတစ်ခါ မြင်တာလေး၊ ကြား

တာလေးတွေထဲမှာပါတဲ့ ဝေဒနာ၊ ဒေါမနဿဝေဒနာ။ အဲဒါကို ဒုက္ခဝေဒနာ။ မြင်မှု၊ ကြားမှုကပေးလိုက်တာ ဒုက္ခဝေဒနာ။ အဲဒီ ဒုက္ခဝေဒနာလေး ဖြစ်ပြီဆိုလျှင် နောက်က မနောဝိညာဏ်က ဒေါမနဿဝေဒနာ၊ မကြိုက်တာ ဖြစ်တယ်။ အဲဒီ သုခနဲ့ဒုက္ခ နှစ်ခုကြားထဲက သုခလည်းမဟုတ်၊ ဒုက္ခလည်းမဟုတ်တော့ အဒုက္ခမသုခ။ အဒုက္ခမသုခဆိုတဲ့ ကာယိက ဒုက္ခဝေဒနာဖြစ်တဲ့အခါ စိတ်မှာဖြစ်တဲ့ဝေဒနာက သောမနဿလည်း မဟုတ်၊ ဒေါမနဿလည်းမဟုတ်၊ ကြားခံစားမှု။ သူ့ကိုတော့ ဥပေက္ခာဝေဒနာ။ အဲဒီတော့ ဝေဒနာဘယ်နှစ်မျိုးတုန်း၊ (၆)မျိုး။ ကာယိက-က (၃)မျိုး၊ မနသိကာရက (၃)မျိုး၊ အားလုံး (၆)မျိုး။ အဲဒီဟာတွေ မှတ်တမ်းတင်ထားတာ။ အဲဒါတွေ မှတ်တမ်းတင်ထားတော့ အဲဒီဟာတွေကို ဥပါဒါန်။ ခံစားမှုတွေကို မှတ်တမ်းတင်ထားတဲ့ ဥပါဒါန်။ ရှိပါတယ်။ အဲဒါ အခု ပစ္စုပ္ပန်မှာမြင်တဲ့ အဆင်း၊ ပစ္စုပ္ပန်မှာ ကြားတဲ့အသံ ပေါ်လာတာနဲ့ တစ်ပြိုင်နက် အဓိပ္ပာယ်ဖော်တဲ့စက်က ဥပါဒါန်ကို ညွှန်းတာ။ ညွှန်းလိုက်တော့ ဥပါဒါန်က သူမှတ်တမ်းတင်ထားတဲ့အတိုင်း ပြန်ပြီးတော့ ထုတ်ပေးတာ။ ထုတ်ပေးလိုက်တော့ ဒီမှတ်တမ်းထဲမှာ ခံစားမှုက ဒါ ဒုက္ခ၊ ဒါ ဒေါမနဿ၊ ဒါက သုခ၊ ဒါ သောမနဿလို့ မှတ်တမ်းအတိုင်း ပြန်ပြီးတော့ ပေးပါတယ်။ အဲဒီ အဓိပ္ပာယ်ပြန်တဲ့စက်က အဲဒီလို အဓိပ္ပာယ်ပြန်လိုက်တဲ့အခါကျတော့မှ တစ်ခါ ပစ္စုပ္ပန်မှာဖြစ်နေတဲ့ ကမ္မဝဋ်မှာပါတဲ့ မနောဝိညာဏ်က အလုပ်လုပ်တော့ ဒီက အဓိပ္ပာယ်ဖော်ပေးတဲ့အတိုင်း အလုပ်လုပ်တဲ့ မနောဝိညာဏ်က အလုပ်လုပ်တာပါ။ အဓိပ္ပာယ်ဖော်ပေးတဲ့အတိုင်း အလုပ်လုပ်တာပါ။

ရိုးရိုးအရပ်သား နားလည်တဲ့စကားနဲ့ ပြော၊ ဟောဒီအသံတွေကို ကြား၊ ကြားတဲ့အခါကျတော့ ဟောဒီအသံတွေထဲမှာပါတဲ့ အဓိပ္ပာယ်တွေ၊ မြန်မာလိုပြောလျှင် အဓိပ္ပာယ်ကို ချက်ချင်းသိတယ်။ ချက်ချင်းသိတော့ အဲဒီစကားလုံးတွေထဲမှာ မိမိ၏မကောင်းကြောင်း အတင်းအဖျင်း ပြောနေတာတွေကို ကြားတာနဲ့တစ်ပြိုင်နက် အဓိပ္ပာယ်ဖော်တယ်။ မြန်မာလိုပြောလို့၊ အဓိပ္ပာယ်ဖော်တာနဲ့ ငါ့မကောင်းကြောင်း ပြောနေတော့ ချက်ချင်း စိတ်ဆိုးတာ။ အဲဒီ စိတ်ဆိုးတယ်ဆိုတာ အတွင်းက၊ မနောဝိညာဏ်က စိတ်ဆိုးတဲ့အလုပ်ကို လုပ်တာ။ အဲဒီ စိတ်ဆိုးတဲ့အလုပ်ကို လုပ်တာကမ္မ။

အဲဒီလိုပဲ ကောင်းကြောင်းတွေ ပြောနေလို့ရှိလျှင် ကျေနပ်တယ်၊ ဝမ်းသာတယ်။ ဒါဟာ မြန်မာလိုပြောလို့ အဓိပ္ပာယ်နားလည်ခြင်းကြောင့် စိတ်ဆိုးတာလည်း ဖြစ်တယ်၊ ကျေနပ်တာလည်း ဖြစ်တယ်။ ကုလားလိုပြောနေလျှင် ဒီလိုပဲ ကောင်းတာတွေပြောပြော၊ မကောင်းတာတွေပြောပြော၊ ကုလားလိုပြောလျှင် အဓိပ္ပာယ်တွေနားမလည်တော့ စိတ်ဆိုးတာ၊ ဝမ်းသာတာ ဘာမှမဖြစ်ဘူး။ နားမလည်လို့ပါ။ မှတ်တမ်းထဲမှာ ဥပါဒါန်နဲ့ မှတ်တမ်းထဲမှာ မရှိလို့ပါ။ သဘာဝတရားတွေ အလုပ်လုပ်နေပုံကို အဲဒါနဲ့ ယှဉ်ကြည့်။ အဲဒီမှာ အရေးကြီးနေတဲ့အချက်က စိတ်ကလေးက အလုပ်လုပ်တဲ့အခါ သဘောကျပြီး လုပ်တာလည်း ရှိတယ်။ သဘောမကျဘဲနဲ့ လုပ်တာလည်း ရှိတယ်။ သဘောကျပြီးလုပ်တာကို သောနမဿနဲ့ လုပ်တယ်။

သဘောမကျဘဲ လုပ်တာ ဒေါမနဿနဲ့ လုပ်တယ်။ အဲဒီ အလုပ်

တွေ တစ်ခုနဲ့တစ်ခု မတူဘူး။

အဲဒီမှာ အရေးကြီးတဲ့အချက်က ကမ္မဝဋ်ဆိုတဲ့ ဝဋ်မှာ လုပ်တဲ့ အလုပ်။ ကမ္မဝဋ်မှာ လုပ်တဲ့အလုပ်က ကျေနပ်ပြီး လုပ်တဲ့အလုပ်လည်း ရှိတယ်။ မကျေမနပ် လုပ်တဲ့အလုပ်လည်း ရှိတယ်။ အဲဒီ အချက်ကို သေသေချာချာကြည့်။ ဘယ်သူလုပ်တာတုန်း၊ စိတ်ကလေးက လုပ်တာ။ အဲဒီစိတ်ကလေးကို ဘာခေါ်တုန်း၊ မနောဝိညာဏ်။ မနောဝိညာဏ် လုပ်တဲ့အလုပ်ကို ကမ္မ။ အဲဒီကမ္မဟာ ကျေနပ်တဲ့သဘောနဲ့ လုပ်တဲ့ကမ္မရှိသလို မကျေနပ်တဲ့သဘောနဲ့ အလုပ်လုပ်နေတဲ့ မနောကမ္မရှိတယ်။ အဲဒီ မနော ကမ္မတွေ အလုပ်လုပ်တော့ မနောကမ္မတွေ အရှိန်ပြင်းလာတော့ မကျေ နပ်တဲ့ အရှိန်ကြီးကပြင်းလာလျှင် နှုတ်ကထုတ်ပြီးတော့ မကျေနပ်ကြောင်း တွေ ပြောတယ်။ အဲဒီ မကျေနပ်ကြောင်းတွေ ပြောရုံတင်မကဘူး၊ ကိုယ် အမူအရာနဲ့ပါ ပြတယ်။ နှုတ်ကပြောတော့ ဝစီကမ္မ။ ကိုယ်အမူအရာ နဲ့ပြတော့ ကာယကမ္မ။ အဲဒီ (၃)မျိုးစလုံး ကမ္မဝဋ်ဆိုတဲ့စက်မှာ အလုပ်လုပ် နေတာ။

အဲဒီသဘာဝတွေဟာ အဟုတ်တကယ် အလုပ်လုပ်နေတဲ့ သ ဘာဝတွေ။ ကြိုက်ပြီးတော့ အလုပ်လုပ်တာတွေ ရှိတယ်။ မကြိုက်မနှစ် သက်ဘဲ အလုပ်လုပ်တာတွေ ရှိတယ်။ အဲဒီအလုပ်တွေလုပ်ရုံတင် မက ဘူး။ အဲဒီအလုပ်တွေဟာ လုပ်နေတဲ့အထဲမှာ အလုပ်၏ အရှိန်ပါတယ်။ အဲဒီအချက်ကို သေသေချာချာသိအောင် စဉ်းစား။ အလုပ်တွေလုပ်လျှင် အလုပ်မှာ အရှိန်ပါတယ်။ အဲဒီအရှိန်၊ အလုပ်၏ အရှိန်၊ အလုပ်ကိုတော့ ကမ္မ။ အဲဒီအရှိန်ကို သတ္တိ။ ကမ္မသတ္တိ။ ကမ္မက အလုပ်၊ သတ္တိက အရှိန်။

အဲဒီ အရှိန်ရှိမှန်း သေသေချာချာသိဖို့ လိုတယ်။ အလုပ်လုပ်လျှင် အရှိန် ထွက်တယ်။

အဲဒီသဘောလေးကို လက်တွေ့ပြောဦးမယ်။ အခုပြောနေတဲ့ မော်တော်ကားတွေ စီးနေတယ်။ မော်တော်ကား မောင်းတဲ့ဆရာက ဒီ လမ်းကြီးပေါ်မှာ တစ်နာရီကို မိုင်(၄၀)လောက်နဲ့ မော်တော်ကား မောင်း နေတယ်။ မော်တော်ကားကြီးက ပြေးနေတယ်။ အဲဒါ အင်ဂျင်ခေါ်တဲ့ စက်က ဘီးလည်အောင် လုပ်ပေးတာ။ အဲဒီ တစ်နာရီ မိုင်(၄၀)နဲ့ မောင်း နေတဲ့ မော်တော်ကားကြီး (အင်ဂျင်နဲ့ ဘီးနဲ့ ဆက်ထားတဲ့ဟာကို ဂီယာ ခေါ်တယ်) ဂီယာ ဖြုတ်လိုက်လို့ရှိလျှင် စက်ကြီးကတော့ လည်နေတယ်။ ဘီးကို အားမပေးတော့ဘူး။ ဂီယာဖြုတ်လိုက်ပေမယ့် ဘီးကြီးက လည်နေ တော့ ဆက်ပြီးတော့သွားနေတယ်။ စက်ကြီးကို ရပ်ပစ်လိုက်တယ်၊ အင် ဂျင်ကြီးကို ရပ်လိုက်တယ်၊ ဂီယာဖြုတ်ထားတော့ ဘီးတွေက ဆက်ပြီး တော့ လည်နေတာ။ စက်မပါဘဲနဲ့ မော်တော်ကားကြီးက သွားနေပါတယ်။ စက်မလည်ဘဲနဲ့ကို မော်တော်ကားကြီး သွားနေတယ်။ အဲဒါ အရှိန်နှင့် သွားနေတာပါ။ အရှိန်ဆိုတာ အဟုတ်ရှိတယ်။ အလုပ်လုပ်လျှင် အရှိန် ထွက်တယ်။ အဲဒါ အလွန်အရေးကြီးတယ်။ အဲဒီအရှိန်ဟာ အလုပ်က ထွက်လာသော အရှိန်။ အဲဒီအလုပ်က ထွက်လာသောအရှိန်ကို ပါဠိလို ကမ္မသတ္တိ။ အဲဒီ ကမ္မသတ္တိဆိုတဲ့ အလုပ်ကထွက်တဲ့အရှိန်ကြီးဟာ အလွန် ပြင်းတယ်။ ပြင်းရုံတင် မကဘူး၊ အဲဒီကားကြီးနှင့် လူတွေပေါ်မှာပဲ ဒီအရှိန် ကြီးက တည်နေတာ။ အရှိန်ကြီးက ကားနှင့်စီးနေတဲ့ ခန္ဓာတွေပေါ်မှာ ရှိနေတာ။ အဲဒီအရှိန်ကြီးရှိနေတာ ဒီထုထည်ကြီးနှင့် အဆောက်အအုံ

ကြီးထဲမှာပဲ ရှိနေတာပါ။

လူက အလုပ်လုပ်တယ်ဆိုလျှင် ကမ္မဆိုတဲ့ စက်ကြီးလည်လို့ ကြိုက်တဲ့အလုပ်တွေ၊ မကြိုက်တဲ့အလုပ်တွေ လုပ်တိုင်းလုပ်တိုင်း ကမ္မသတ္တိခေါ်တဲ့ အရှိန်တွေ ထွက်နေတာ။ အဲဒီအရှိန်တွေက ဒီခန္ဓာမှာပဲ ဝန်းရံပြီးတော့ နေတာ။ အဲဒီတော့ အရှိန်နဲ့ ခန္ဓာနဲ့ တွဲနေတာကို သိအောင် စဉ်းစားပါ။ အလုပ်လုပ်လျှင် အရှိန်ထွက်၊ ထွက်လာတဲ့အရှိန်က အလုပ်လုပ်တဲ့ခန္ဓာမှာပဲ ပြန်ပြီးတော့နေတာ။ အဲဒီအချက် သဘောပေါက်ဖို့ အရေးတကြီး ပြောနေရတာ။ အဲဒီတော့ အလုပ်လုပ်လျှင် အလုပ်သည် အရှိန်ထွက်တယ်။ ထွက်တဲ့အရှိန်ဟာ အလုပ်လုပ်သောခန္ဓာမှာပဲ ဝန်းရံပြီးတော့နေတယ်။ အဲဒီပညာဟာ ဒီဒေသနာမှာသာ ထင်ထင်ရှားရှား အဓိပ္ပာယ်ပေါ်အောင် ပြောနိုင်တာ။ ဒါ ဒေသနာပါပညာ။ ကမ္မသတ္တိအကြောင်းကို ပြောနေတာပါ။

ကမ္မသတ္တိက ကမ္မဝဋ္ဋ်လည်မှ ကမ္မသတ္တိထွက်တာ။ အဲဒီတော့ ဝဋ္ဋ် (၃)ပါးလည်တဲ့ထဲမှာ ဝိပါကဝဋ္ဋ်နဲ့ ကိလေသဝဋ္ဋ်တို့က ကမ္မသတ္တိထွက်အောင်လုပ်တာ မဟုတ်ဘူး။ ကမ္မသတ္တိက ကမ္မဝဋ္ဋ်လည်မှ ထွက်တာပါ။ ကမ္မဝဋ္ဋ်လည်မှ ထွက်လာတဲ့ ကမ္မသတ္တိက ကမ္မအလုပ်လုပ်နေတဲ့ ခန္ဓာမှာ ကမ္မသတ္တိတွေက ဝန်းရံနေတယ်။ ကိန်းအောင်းတည်နေတယ်။ အဲဒီအဓိပ္ပာယ်ထိအောင် စဉ်းစားဖို့ ဝဋ္ဋ်(၃)ပါး လည်တယ်။ လည်တဲ့ဝဋ္ဋ် (၃) ပါးမှာ နောက်ဆုံးပိတ်ဝဋ္ဋ်က ကမ္မဝဋ္ဋ်။ အဲဒီကမ္မဝဋ္ဋ် လည်တိုင်းလည်တိုင်း ကမ္မသတ္တိတွေ ထွက်နေတယ်။ ထွက်နေတဲ့ ကမ္မသတ္တိတွေက အဲဒီကံတွေကို ထုတ်လွှတ်သော ခန္ဓာမှာပဲ ကမ္မသတ္တိတွေက ဝန်းရံနေတယ်။

အဲဒီမှာ နည်းနည်းလေး တစ်ဆင့်တက်၊ ကမ္မဆိုတဲ့ အလုပ်တွေက တွေးတဲ့အလုပ်၊ ပြောတဲ့အလုပ်၊ ကိုယ်နဲ့လုပ်တဲ့အလုပ်တွေ ရပ်တယ်လို့ မရှိဘူး။ အမြဲတမ်း ဒီအလုပ်တွေက ဆက်ခါဆက်ခါ လုပ်နေတာ။ ဆက်ခါဆက်ခါလုပ်နေတော့ ကမ္မသတ္တိတွေကလည်းပဲ ဆက်ခါဆက်ခါ ထွက်နေတယ်။ ထွက်နေတဲ့ ကမ္မသတ္တိတွေက ခန္ဓာမှာဝန်းရံနေတယ်။ အဲဒီတော့ ကမ္မသတ္တိတို့ရဲ့ သဘောဟာ ခေတ္တခဏမဟုတ်ဘူး။ စဉ်ဆက်မပြတ် တိုးပွားနေတယ်။ အဲဒီထိအောင် စဉ်းစားနိုင်ဖို့ ဒီဒေသနာက ဒီပညာတွေကို သင်ပေးပါတယ်။ ဒါတွေဟာ အခုဒေသနာမှာပါတဲ့ သဘာဝ၊ လူတို့ဉာဏ်နဲ့ သိဖို့ခက်ခဲလှတဲ့ ကမ္မသတ္တိအကြောင်း သင်ရတာပါ။

အခုရထားတဲ့ ဗဟုသုတတွေ၊ ကံအကြောင်း၊ အလုပ်အကြောင်း၊ မနောကံ၊ ကာယကံ၊ ဝစီကံတို့ရဲ့အကြောင်း၊ အဲဒီကံ (၃)ပါးစလုံးဟာ လုပ်တိုင်းလုပ်တိုင်း တစ်မျိုးလုပ်လျှင်ကို ကမ္မသတ္တိက ထွက်တယ်။ အဲဒီမှာ မနောကမ္မနဲ့ ဝစီကမ္မနဲ့ တွဲလုပ်တယ်။ မနောကမ္မနဲ့ ကာယကမ္မနဲ့ တွဲလုပ်တယ်။ အဲဒီအလုပ်တွေ လုပ်တိုင်းလုပ်တိုင်း ကမ္မသတ္တိတွေ ထွက်တယ်။ အဲဒီသတ္တိတွေဟာ ခန္ဓာမှာနေတယ်။ အဲဒီခန္ဓာမှာနေတဲ့ ကမ္မသတ္တိတွေဟာ ထပ်ခါထပ်ခါ ကမ္မတွေလုပ်နေလို့ ကမ္မသတ္တိတွေကလည်း ထပ်ခါထပ်ခါ ဝန်းရံနေတယ်။ ကမ္မသတ္တိတွေက အမြဲတမ်း တိုးပွားနေတယ်။ အဲဒါဟာ မိမိ၏အကြောင်း၊ မိမိ၏ ဘဝအကြောင်းကို ပြောနေတာပါ။ အခု ကိုယ်ကိုယ်တိုင်သိနေတာက ရုပ်ခန္ဓာကြီးရှိတယ်ဆိုတာ သိတယ်။ နာမ်ခန္ဓာကြီးကလည်း ရုပ်ခန္ဓာနဲ့ တွဲအလုပ်လုပ်နေတာကို သိတယ်။ အခု ရုပ်နာမ်နှစ်ပါးတွဲ၍ အလုပ်လုပ်လို့ ထွက်ပေါ်လာတဲ့ ကမ္မသတ္တိတွေ၊ အဲဒီ

ကမ္မသတ္တိတွေက ခန္ဓာမှာ ဝန်းရံနေတယ်။

အခု သိရမယ့်အချက်က (၃)ပါး။ ရုပ်လည်း ရှိတယ်။ နာမ်လည်းရှိတယ်။ ကံစွမ်းအားလည်း ရှိတယ်။ အဲဒါဟာ သတ္တဝါတိုင်း၏ အဖြစ်မှန်၊ သတ္တဝါတိုင်း၏ ဘဝ။ သတ္တဝါတိုင်း၏ ဘဝဟာ ကံစွမ်းအားနဲ့ နေရတာ။ အဲဒီသဘောတွေ၊ သဗ္ဗေသတ္တာ ကမ္မဿကာ၊ သတ္တဝါတိုင်းမှာ ကံစွမ်းအားတွေရှိတယ်လို့ ပြောတာ။ ကံစွမ်းအားက ဖန်တီးတဲ့အတိုင်း ဖြစ်နေတာ။ အဲဒီတော့ ကမ္မသတ္တိအကြောင်းကို သဘောပေါက်အောင် ကိုယ်ပိုင်ဉာဏ်နှင့် ထပ်ခါထပ်ခါ စဉ်းစားပါ၊ ဆင်ခြင်ပါ။ ထပ်ခါထပ်ခါ စဉ်းစားနိုင်မှ ကံအကြောင်းကို သဘောပေါက်မှာ။ သဘောပေါက် နားလည်မှ ဒေသနာမှာပါတဲ့ သဘာဝတရားများကို ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား စဉ်းစားတတ်၊ ဆင်ခြင်တတ်မှာ။ ဒါမှ ဘဝရဲ့ အဓိပ္ပာယ်အမှန်ကို သိမှာပါ။ ဘဝအဓိပ္ပာယ်အမှန်ကိုသိမှလည်း မိမိတို့ရဲ့အလုပ်တွေ မှန်အောင်၊ ကောင်းအောင်လုပ်နိုင်တာ။ အဲဒီသဘာဝတွေ၊ အလုပ်ကောင်းမှ ကံကောင်းမှာ။ ကံကောင်းမှ ဘဝအဆင့်မြင့်တာ။ ဒီလို ဆက်သွယ်နေတဲ့ သဘာဝတွေက ပဋိစ္စသမုပ္ပါဒပညာ။ ကြောင်းကျိုးဆက်သွယ်နေတယ်။

ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ကမ္မသတ္တိနှင့် ဆက်နေတာ။ ကာယကံ၊ ဝစီကံ၊ မနောကံတွေက ကမ္မဝဋ်လည်မှ ဖြစ်တာ။ ကမ္မဝဋ်လည်အောင် နောက်က ကိလေသဝဋ်က အမျိုးမျိုး အဓိပ္ပာယ်တွေ ပြန်ပေးနေတာ။ အဓိပ္ပာယ်ပေါက်တဲ့အတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံတွေက လျှောက်ပြီးတော့ လုပ်နေတာ။ အဲဒီ လုပ်နေတာကို ဘဝ။ ဘဝဆိုတာ ကမ္မတွေလည်း အမြဲတမ်း အလုပ်လုပ်နေတယ်။ ကမ္မသတ္တိတွေလည်း

အမြဲတမ်း တိုးပွားနေတယ်။ ဘဝဟာ ငြိမ်ငြိမ်လေးနေတာ မဟုတ်ဘူး။ ဘဝဟာ အမြဲတမ်း အလုပ်လုပ်နေတာ။ လုပ်နေတိုင်း ကမ္မသတ္တိတွေ တိုးနေတယ်။ အဲဒီ ကမ္မသတ္တိတွေကပဲ ဘဝကို ထပ်ပြီး ထိန်းချုပ်နေတယ်။ အဲဒီလိုသိမှ ဘဝစက်အဓိပ္ပာယ်ကို နားလည်သဘောပေါက်မှာ၊ ဆင်ခြင်တတ်မှာ။

အဲဒီတော့ ဒီပညာတွေကို အခု ဗဟုသုတအဖြစ်နဲ့ ရပါပြီ။ ရပြီးလို့ရှိလျှင် ဟုတ်၏-မဟုတ်၏ကို ကိုယ်ပိုင်ဉာဏ်နှင့် ထပ်တလဲလဲ စဉ်းစားလို့ အဓိပ္ပာယ်ပေါ်မှ ဒီဟာတွေဟာ ကျင့်ရ၊ ကြံရ၊ အားထုတ်ရမည့် တရား၏ အခြေခံပညာ။ ဒီအပိုင်းဟာ ဒဿနပိုင်း ခေါ်တယ်။ ဒဿနဆိုတာ အခုခေတ်စကားနဲ့ပြောလျှင် Philosophy။ ဗုဒ္ဓသင်ကြားပေးတဲ့ Philosophy။ Philosophy ထဲမှာ ကံစွမ်းအားဆိုတာကိုပါ နားလည်အောင် သင်ပေးတယ်။ ဗုဒ္ဓ Philosophy ကို နားလည်ချင်လျှင် ကံစွမ်းအားအကြောင်းလည်း နားလည်မှ ဖြစ်ပါမယ်။

ဘုရားရှင် သင်ကြားပေးတဲ့ ဒဿနပညာ၊ ဗုဒ္ဓ Philosophy ကို နက်နက်ရှိုင်းရှိုင်း သိနားလည်ပြီးတော့ မိမိဘဝကို အဆင့်မြင့်သည်ထက် မြင့်အောင် အားထုတ်နိုင်ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု။